ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ( ၁ )ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ခုနှစ် မေလ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇၊ အပိုဒ် ၃၆ အရ ရှမ်းပြည်နယ် အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြပ်မတ်နိုင်ရန် အလို့ငှာ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၁၈)အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ်(၁)နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပုံမှန် အစည်းအဝေးအမှတ်စဉ် (၁-၂/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၅(ခ)တို့အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ် သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေး<br>ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>မွေးမြူရေးနှင့်ကုသရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>ဟိုတယ်နှင့်ခရီးသွားလာရေး<br>ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး | ရှမ်းပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး<br>လုပ်ငန်း | အဖွဲ့ဝင် |
| (ဏ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်နယ်ဦးစီးမှူး | ရှမ်းပြည်နယ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |

၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ (၁၇၉ ) မှ နည်းဥပဒေ (၁၈၅)အထိ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

ဥက္ကဋ္ဌ
(ဒေါက်တာလင်းထွဋ်၊ ဝန်ကြီးချုပ်)

စာအမှတ်၊ ရက-ရှမ်း/ ရင်းနှီး-ထွေ/ ၂၀၁၈(၇၀၉ )
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်

**ဖြန့်ဝေခြင်း**

ကော်မတီဝင်များအားလုံး

အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ဝင်များအားလုံး